



Indiana Career Connect အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ် အချက်အလက်ဗီဒီယိုက ကြိုဆိုပါသည်။ Indiana Career Connect သို့မဟုတ် အတိုကောက်အားဖြင့် ICC သည် အလုပ်များ ရှာဖွေရန်၊ ကိုယ်ရေးအကျဉ်းများ ရေးသားဖန်တီးရန်အပြင် ပညာရေးနှင့် လေ့ကျင့်ရေး အခွင့်အလမ်းများကို စူးစမ်းရှာဖွေရန် အခွင့်အလမ်းကို အလုပ်ရှာဖွေသူများအား ပံ့ပိုးပေးထားသည်။




DWD သည် တန်းတူအခွင့်အရေးဆိုင်ရာ အစီအစဉ်များကို စီမံခန့်ခွဲသော တန်းတူအခွင့်အရေးပေးသည့် အလုပ်ရှင်ဖြစ်သည်။ မသန်စွမ်းသူများအတွက် အခမဲ့ အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆို၍ ရယူနိုင်ပါသည် (TDD/TTY နံပါတ်- 1-800-743-3333)။

အခမဲ့ စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများကိုလည်း တောင်းဆို၍ ရယူနိုင်ပါသည်။




အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ်က ဘာလဲ။

အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ်သည် အလုပ်ရှာဖွေသူများကို အလုပ်ရှင်များနှင့် ချိတ်ဆက်ပေးပြီး အလုပ်ရှာဖွေသူများကို အလုပ်အကိုင် ကူရှာပေးကာ အလုပ်ရှင်များအား လစ်လပ်နေသောရာထူးများကို ကူညီဖြည့်တင်းပေးသည်။

အလုပ်လက်မဲ့ သတ်မှတ်ချက်ပြည့်မီမှု၏ တစ်စိတ်တစ်ပိုင်းအနေနှင့် Indiana ဒေသခံ အကျိုးခံစားခွင့် တောင်းဆိုသူများသည် ICC စနစ်တွင် စာရင်းသွင်းကာ အလုပ်လုပ်ကိုင်နိုင်ပြီး အလုပ်လုပ်ကိုင်ရန် အသင့်ရှိကာ အချိန်ပြည့်အလုပ်ရှာဖွေခြင်းကို တက်ကြွစွာ လုပ်ဆောင်နိုင်ရမည်။

မည်ကဲ့သို့သော အလုပ်ရှာဖွေမှု အကူအညီကို သင်ရှာဖွေနေသနည်း။

- သင့်ဒေသရှိ လက်ရှိ အလုပ်သမား ဈေးကွက် လမ်းကြောင်းများ၏ အသေးစိတ်အချက်အလက်လား။
- ကျောင်းများနှင့် ပညာရေး အစီအစဉ်များအကြောင်း အချက်အလက်လား။
- သင့်ကိုယ်ရေးအကျဉ်းကို ရေးသားဖန်တီးပြီး ပို့စ်တင်ပေးသည့် အကူအညီလား။
- သင့်အနီးအနားက လစ်လပ်အလုပ်နေရာများလား။

ICC က ကူညီပေးရန် အသင့်ရှိနေပါသည်။ သင့်အလုပ်ရှာဖွေမှု နောက်အဆင့်ကို လုပ်ဆောင်ရန် ယနေ့ပဲ လော့ဂ်အင်ဝင်ပါ။




ICC သည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များအတွက် အခမဲ့ဖြစ်ကြောင်းကို သင်သိရှိပါသလား။ ICC က သင်၏ အလုပ်ရှာဖွေမှုဆိုင်ရာ ကြိုးပမ်းမှုများကို မြှင့်တင်ပေးနိုင်ပြီး ကိုက်ညီသော အလုပ်ရှင်များထံတွင် အလုပ်ရရှိအောင် ကူညီပေးနိုင်ပုံကို ဤဗီဒီယိုတွင် ရှင်းပြပေးပါမည်။




အလုပ်လက်မဲ့ အာမခံ တောင်းဆိုမှုတစ်ခုကို သင်တင်သွင်းလိုက်သည့်အခါ သင့်တွင် အကောင့်မရှိသေးပါက သင်ပေးထားသော အချက်အလက်များကို သုံး၍ သင့်အတွက် ICC အကောင့်တစ်ခုကို အလိုအလျောက် ဖွင့်ပေးသည်။ သင်၏ အလုပ်လက်မဲ့ အာမခံ တောင်းဆိုမှုကို တင်သွင်းရာတွင် အသုံးပြုထားသည့် တူညီသော အသုံးပြုသူအမည်နှင့် စကားဝှက်ကို သုံး၍ ICC အကောင့်သို့ လော့ဂ်အင်ဝင်ရပါမည်။

ICC နှင့်ပတ်သက်၍ အကူအညီရယူရန် သင်၏ ဒေသတွင်း WorkOne အမေရိကန် အလုပ်အကိုင် စင်တာသို့ သွားရောက်ပါ၊ ထိုနေရာတွင် ဝန်ထမ်းများက စကားဝှက် ပြန်သတ်မှတ်မှုများ၊ လေ့လာကြည့်ရှုနှင့် ပတ်သက်ပြီး အကူအညီပေးနိုင်သည်။





ICC သည် အရည်အချင်းပြည့်မီသော အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို သင့်တော်သလို ကူညီယှဉ်တွဲပေးသည်။

အလုပ်ရှာဖွေသူများက အလုပ်များ ရှာဖွေခြင်း၊ ကိုယ်ရေးအကျဉ်းများ ရေးသားဖန်တီးပြီး ပို့စ်တင်ခြင်းအပြင် ပညာရေးနှင့် လေ့ကျင့်ရေး အခွင့်အလမ်းများ စူးစမ်းရှာဖွေခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

အလုပ်ရှင်များက အလုပ်ခေါ်စာများကို ပို့စ်တင်ပြီး သင့်တော်သူများကို ရှာဖွေနိုင်သည်။


ယခု Indiana Career Connect ၏ အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ်၏ အဓိက

လုပ်ဆောင်ချက်များကို လေ့လာကြည့်ကြပါစို့။




ICC တွင် Background Wizard ကဲ့သို့ အရေးပါသော အဆင့်များမှတစ်ဆင့် အသုံးပြုသူများကို လမ်းညွှန်ပေးရန် တစ်ပါတည်း ပါရှိသည့် တိုးတက်မှု ခြေရာခံစနစ် ပါဝင်သည်။

- သင်သည် ကိုယ်ရေးအကျဉ်းအသစ်တစ်ခုကို ပြုလုပ်နိုင်သည် သို့မဟုတ် လက်ရှိတစ်ခုကို အပ်လုဒ်တင်နိုင်သည်။
- Background Wizard က အဓိက အချက်အလက်များကို သိမ်းဆည်းခြင်းဖြင့် ကိုယ်ရေးအကျဉ်းတစ်ခု ဖန်တီးရာတွင် သင့်အား ကူညီပေးသည်။
- ပြီးစီးသည်နှင့် သင်သည် သီးခြားအလုပ်ခေါ်စာများ သို့မဟုတ် အလုပ်အကိုင်များနှင့် ကိုက်ညီမှုရှိအောင် စိတ်ကြိုက်ပြုလုပ်ထားသည့် ကိုယ်ရေးအကျဉ်း ဆယ်ခုအထိ ထုတ်လုပ်နိုင်သည်။




ICC အလုပ်ရှာဖွေမှု လုပ်ဆောင်ချက်ဖြင့် အလုပ်ခေါ်စာများကို အလုပ်အကိုင်/အလုပ်ရာထူး၊ သင့်တည်နေရာမှ အကွာအဝေး၊ လစာ၊ ပညာအရည်အချင်းနှင့် အခြားအချက်အလက်များစွာအလိုက် စစ်ထုတ်၍ ရှာဖွေနိုင်သည်။

သင်သည် လုပ်ငန်းနယ်ပယ် သို့မဟုတ် သီးခြား အလုပ်ရှင်အမည်ဖြင့်လည်း ရှာဖွေနိုင်သည်။





ICC သည် အလုပ်အကိုင် အသက်မွေးဝမ်းကျောင်း အစီအစဉ်ဆွဲရာတွင် အထောက်အကူဖြစ်စေရန်အတွက် LMI ဟု သိကြသည့် တန်ဖိုးရှိသော အလုပ်သမားဈေးကွက် အချက်အလက်များကို ပေးပါသည်။

LMI ကို သိရှိထားခြင်းဖြင့် သင်သည် အောက်ပါတို့ကို ပြုလုပ်နိုင်ပါသည်-

- အလုပ်အကိုင်များနှင့် အလုပ်အကိုင် လမ်းကြောင်းများကို ဆန်းစစ်လေ့လာခြင်း
- လုပ်ငန်းနယ်ပယ်သစ်များတွင် သင်၏ စိတ်ဝင်စားမှုကို အကဲဖြတ်ခြင်း
- အလုပ်ခေါ်စာတစ်ခုအတွက် ပညာရေးနှင့် အခြားလိုအပ်ချက်များကို သုံးသပ်ခြင်း

ထို့အပြင် ICC သည် အလုပ်နှင့်သက်ဆိုင်သော ကျွမ်းကျင်မှုများနှင့် အသိပညာများကို ရှာဖွေဖော်ထုတ်နိုင်စေပြီး သင်စိတ်ဝင်စားသည့်အလုပ်နှင့် အလေးထားမှုစံတန်ဖိုးများနှင့် ကိုက်ညီသော အလုပ်အကိုင်များကို ရှာဖွေနိုင်စေရန်အတွက် အခမဲ့ အကဲဖြတ်မှုများကို ပံ့ပိုးပေးသည်။




ICC အသုံးပြုသူ တစ်ဦးအနေဖြင့် သင်သည် “ကျွန်ုပ်၏ အလုပ်နေရာ (My Workplace)” ဟူသော ကဏ္ဍအောက်ရှိ တစ်ဦးချင်းစိတ်ကြိုက် ဒက်ရှ်ဘုတ်ကို ဝင်ရောက်အသုံးပြုခွင့် ရရှိပါမည်။ သင့်ဒက်ရှ်ဘုတ်က သင့်ကို ICC စနစ်လုပ်ဆောင်ချက်များနှင့် မိတ်ဆက်ပေးသည်။ ၎င်းသည် သင်ရွေးချယ်ထားသော စိတ်ဝင်စားမှုများအပေါ် အခြေခံ၍ စိတ်ကြိုက် အကြံပြုချက်များကို ပေးသည်။ သင်၏ အလုပ်အကိုင် ရည်မှန်းချက်များနှင့် ကိုက်ညီစေရန် သင်၏ ဒက်ရှ်ဘုတ် အကြောင်းအရာကို စိတ်ကြိုက်ပြင်ဆင်နိုင်သည်။

ပျမ်းမျှအားဖြင့် **အလုပ်ရှင်ပေါင်း 900 ကျော်**သည် Indiana Career Connect တွင် စာရင်းသွင်းထားကြသည်။ လွန်ခဲ့သည့်နှစ်က ICC တွင် **အလုပ်ခေါ်စာပေါင်း 300,000** ကျော် ရှိခဲ့သည်။

Indiana Career Connect **အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေး စနစ်**သည် အလုပ်ရှာဖွေမှု လိုအပ်ချက်အားလုံးကို **အခမဲ့** ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေပါသည်။

INDIANA CAREER CONNECT

INDIANA DEPARTMENT OF WORKFORCE DEVELOPMENT

ICC အလုပ်ခေါ်စာများကို အခြားအလုပ်ရှာဖွေရေး ဝက်ဘ်ဆိုက်များမှ ရယူထားပြီး သင်နှင့်ကိုက်ညီသော အလုပ်ကို ရရှိရန် အခွင့်အလမ်းများကို တိုးချဲ့ပေးသည်။ ပျမ်းမျှအားဖြင့် အလုပ်ရှင်ပေါင်း 900 ကျော်သည် ICC တွင် စာရင်းသွင်းထားကြသည်။ လွန်ခဲ့သောနှစ်က အလုပ်ခေါ်စာပေါင်း 300,000 ကျော်ကို စာရင်းတင်ခဲ့သည်။ ICC သည် ပိုမိုမြန်ဆန်စွာ အလုပ်ပြန်ဝင်နိုင်ရေးအတွက် သင့်အား ကူညီပေးရန် အခမဲ့တူးလ်များနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးလျက် တစ်နေရာတည်းတွင် အလုံးစုံရရှိနိုင်သည့် သင်၏အလုပ်အကိုင်ရှာဖွေရေး ဗဟိုချက်တစ်ခုဖြစ်သည်။




အလုပ်ရှာဖွေမှုဆိုင်ရာ နောက်ထပ်အရင်းအမြစ်များအတွက် သင်၏ဒေသတွင်း WorkOne အမေရိကန် အလုပ်အကိုင် စင်တာသို့ ဝင်ရောက်ကြည့်ရှုပါ။ ကျွန်ုပ်တို့၏ ဝက်ဘ်စာမျက်နှာဖြစ်သော www.in.gov/dwd/WorkOne/locations.html တွင် သင့်အနီးအနားရှိ WorkOne တည်နေရာများကို ရှာဖွေပါ

# တန်းတူအခွင့်အရေး (EO)

WorkOne **သည် တန်းတူအခွင့်အရေးပေးသည့် အစီအစဉ်/အလုပ်ရှင် ဖြစ်ပါသည်။**
အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆို၍ ရယူနိုင်သည်။ အခမဲ့ စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများကိုလည်း တောင်းဆို၍ ရယူနိုင်ပါသည်။

**သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ထင်ပါက စွပ်စွဲထားသော ချိုးဖောက်မှုဖြစ်ပွားသည့်ရက်မှ ရက်ပေါင်း 180 အတွင်း တိုင်ကြားချက် တင်သွင်းနိုင်သည်။**

သင်၏ ဒေသတွင်း WorkOne ရုံးမှတစ်ဆင့် သင့်ဒေသဆိုင်ရာ EO အရာရှိကို ဆက်သွယ်ပါ။

သို့မဟုတ် တိုင်ကြားချက်ကို အောက်ပါလိပ်စာသို့ ပေးပို့ပါ-

Director, Civil Rights Center (CRC)
U.S. Department of Labor
200 Constitution Avenue NW
Room N- 4123, Washington, DC 20210

WorkOne သည် တန်းတူအခွင့်အရေးပေးသည့် အစီအစဉ်/အလုပ်ရှင် ဖြစ်ပါသည်။ တန်းတူအခွင့်ရေးပေးသော အလုပ်ရှင် သို့မဟုတ် အစီအစဉ်ဖြစ်သည့် မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆို၍ ရရှိနိုင်သည်။ အခမဲ့ စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများကိုလည်း တောင်းဆို၍ ရယူနိုင်ပါသည်။

သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ထင်ပါက စွပ်စွဲထားသော ချိုးဖောက်မှုဖြစ်ပွားသည့်ရက်မှ ရက်ပေါင်း 180 အတွင်း တိုင်ကြားချက် တင်သွင်းနိုင်သည်၊ သင်၏ ဒေသတွင်း WorkOne ရုံးမှတစ်ဆင့် သင့်ဒေသဆိုင်ရာ EO အရာရှိကို ဆက်သွယ်ပါ သို့မဟုတ် တိုင်ကြားချက်ကို အောက်ပါလိပ်စာသို့ ပေးပို့ပါ-

Director, Civil Rights Center (CRC)
U.S. Department of Labor
200 Constitution Avenue NW
Room N- 4123, Washington, DC 20210

INDIANA DEPARTMENT OF
WORKFORCE
DEVELOPMENT

နောက်ထပ် အရင်းအမြစ်များအတွက် ကျွန်ုပ်တို့၏
ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုပါ။

dwd.in.gov

ဤဗီဒီယိုနှင့်ပတ်သက်၍ မေးစရာများရှိပြီး DWD ဝက်ဘ်ဆိုက်တွင် အဖြေများကို ရှာမတွေ့လျှင် လာမည့်တစ်ဦးချင်းတွေ့ဆုံချိန်တွင် သင့်အလုပ်အကိုင် ဝန်ဆောင်မှု လမ်းညွှန်သူကို မေးမြန်းနိုင်ပါသည်။

Indiana Career Connect အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ရေးစနစ်အကြောင်း ကျွန်ုပ်တို့၏ တတိယမြောက် ဗီဒီယိုကို သင်ကြည့်ရှုပြီးဖြစ်သည်။ လာမည့် တစ်ဦးချင်း ကနဦးအကဲဖြတ်အင်တာဗျူး ရက်ချိန်းမတိုင်မီတွင် WorkOne အမေရိကန် အလုပ်အကိုင်စင်တာရှိ နောက်ဗီဒီယိုကို ကြည့်ရှုပါ။